
Swamping with Intimacy
Sat
Season (1)

# အပိုင်း (၁)

"Patient!"

ပါးစပ်နားရောက်ခါနီးမှ လေထဲတွင် ရပ်တန့်သွားသော Pizza တစ်စိတ်ကို သူစိတ်ပျက်စွာ ကြည့်လိုက်သည်။ သက်ပြင်းဖွဖွချပြီး Pizza ကို ဘူးထဲပြန်ထည့်ကာ ခုံပေါ်က Duty coat ကိုဝတ်လိုက်၏။

"တကယ်ပဲ ... ဌာနက လူတွေကလည်း ဒီနေ့ကျမှ ဘာလို့ ဒီလောက် ခွင့်ယူနေကြလဲမသိ"

"ဒီနေ့က Valentine day လေကွာ ... မင်းတို့ဌာနမှာ အတွဲတွေကနည်းတာမဟုတ်ဘူး"

သူ့ဆီလာလည်သော ကင်ဆာဌာနမှ ကိုလင်းက ရယ်ကျဲကျဲဖြင့် ဆိုလာသည်။ ခဏကြာလျှင်"မင်းက single ဆိုတော့ ဘယ်နားလည်ပါ့မလဲ"ဆိုတာမျိုး လာတော့မည်မလို့ သူ အီလည်လည်ဖြင့်သာ ထွက်လာခဲ့တော့၏။

"ဟို ဒေါက်တာ ... လူနာကလေ"

"ဟုတ် ဆရာမ ... ပြောပါ"

လမ်းတွင် ပြောဖို့ တွန့်ဆုတ်တွန့်ဆုတ်လုပ်နေသည့် nurse မလေးအား သူစကားလမ်းကြောင်း ပေးလိုက်သည်။

"လူနာက အိမ်ပြန်မယ်ချည်း လုပ်နေတာ ဆရာ သူ့လက်ကဒဏ်ရာကို ထိလို့တောင် မရဘူး"

"..."

***

VVIP room မှ လေထုက Aircon အကူအညီဖြင့် အေးစိမ့်နေသည်။Air fresher နံ့သင်းပျံ့ပျံ့က စီးကရက်မီးခိုးများနှင့် လုံ၍ နေရာယူနေရ၏။

လက်မောင်းက ဒဏ်ရာက တဆစ်ဆစ် ကိုက်နေသောကြောင့် စီးကရက်ကို ဖြည်းဖြည်းချင်း ရှိုက်ဖွာရင်းမှ တောက်တစ်ချက် ပြင်းပြင်းခေါက်မိသည်။ ဘေးနားမှ nurse လေးက သူ့တောက်ခေါက်သံကြောင့် ဆတ်ခနဲ တုန်သွား၏။ ကြောက်ပြီး ကြည့်နေရုံသာ တတ်နိုင်သည်မလို့ ဆရာဝန်နှင့် သူ့သူငယ်ချင်းကိုသာ မသိမသာ မျှော်နေရှာသည်။

အခန်းထဲသို့ မင်းဆက် ဝင်လိုက်သည်နှင့် မထီမဲ့မြင် အနေအထားကို တန်းမြင်လိုက်ရသည်။

လူနာက ခုတင်ပေါ်မှာ ခြေချိတ်၍ ခေါင်းအုံးကိုမှီကာ ကိုယ်ကို တစ်ဝက်လှဲထားလျက်။ ဝတ်ထားသော Bootsဖိနပ်ဖြင့် ဖြူလွလွ ခုတင်ပေါ်မှာ တက်လှဲနေခြင်းဖြစ်သည်။ လက်တစ်ဖက်က လက်မောင်းရင်းက ဒဏ်ရာကို အုပ်ကိုင်၍ ကျန်တစ်ဖက်ဖြင့် စီးကရက်ကို ဟန်ပါပါ သောက်နေသည်။

အဆင်မပြေလှသည်မို့ မင်းဆက် စိတ်ရှုပ်သွားရ၏။ အခန်းထဲမှ Nurse လေးက လူနာမှတ်တမ်း လာပြသည်။

အမည် - ကိုခန့်ဦးရှိန်

အသက် - ၂၆နှစ်

အလုပ်အကိုင် - ဟိုတယ်ပိုင်ရှင်

ရောဂါ - ဓားထိုးဒဏ်ရာ

နာမည်ကလည်း လူလိုပဲ အထက်စီးဆန်လိုက်တာ ဟု မင်းဆက်တွေးလိုက်မိသည်။ လူနာကို ရှိုးလိုက်တော့ ဆရာဝန်မှန်းသိတာတောင် သူ့ကို

စောင်းငဲ့မကြည့်။ စီးကရက်သာ အေးဆေးသောက်နေသည်။ Side view အရတော့ တော်တော့်ကို ခန့်သန့်သည့်ယောကျ်ားဖြစ်မည်။ ဖြူဝင်းဝင်း အသားအရေနှင့် လက်ရှည်ရှပ်အဖြူကို လိုက်ဖက်စွာ ဝတ်ထားသော်လည်း လက်မောင်းမှသွေးစီးကြောင်းကတော့ အားလျော်စွာ အကျည်းတန်နေ၏။

"လူနာ ..."

သူလှမ်းခေါ်တော့ လှည့်ကြည့်လာ၏။ မျက်မှောင်ကို ကျုံ့ထားသော်လည်း မျက်ဆန်နက်နက်တို့က ထင်းနေသည်။ ယောကျ်ားပီသသော နှာတံမြင့်မြင့် တွင် အညိုရောင်မှည့်တစ်လုံး။ နဖူးထက်မှ ဆံပင်ကောက်တို့ကို Gel ဖြင့် သပ်တင်ထားပုံရသော်လည်း မညီညာစွာ တွန့်နေသေး၏။ အနည်းငယ်ရဲ ချင်သော နှုတ်ခမ်းနှစ်လွှာကြားတွင် စီးကရက်ကိုညှပ်ထားပြီး သူ့ကို ရူတည်တည်ကြည့်လာသော လူနာသည် Hotel ပိုင်ရှင်နှင့်မတူဘဲ လူဆိုးနှင့် ပင် တူနေသောကြောင့် မင်းဆက် နည်းနည်း ရှိန်သွားမိသည်။

"ဘာလဲ"

"ကျွန်တော်တို့ ဆေးရုံမှာ စီးကရက်သောက်လို့မရပါဘူးဗျ ... ဆရာမ သူ့ ကို ဆေးလိပ်ပြာခွက်ပေးလိုက်ပါ"

ဆေးလိပ်သောက်တတ်သည့် လူနာများအတွက် ဆောင်ထားသော ပြာခွက်ကို မှန်ဗီရိုထဲမှ ဆရာမက ထုတ်ယူလာသည်။

ကြောက်ကြောက်လန့်လန့်ဖြင့် ပေးလာသော ဆရာမ၏ ပြာခွက်ကို ခန့်ဦး ရှိန် မယူပါ။ ဂရုမစိုက်စွာ စီးကရက်ကိုတောင် ထပ်ရှိုက်နေသေး၏။

မင်းဆက်သည် ဖြစ်ချင်ရာဖြစ် ဟူ၍ စိတ်ကို တင်းပြီး တော်လှန်ရေး တိုက်ပွဲဝင်မည့် စစ်သူကြီးသကဲ့ လက်သီးကို တင်းတင်းဆုပ်လိုက်သည်။

ထို့နောက် ခုတင်ဆီသို့ ခြေလှမ်းကျဲသွားဖြင့် လျှောက်သွားကာ သူ့ပါးစပ်

ထဲက အငွေ့ထွက်တော့မည့် စီးကရက်ကို ဆွဲယူလိုက်၏။

"စီးကရက် သောက်လို့မရဘူးလို့ ကျွန်တော်ပြောနေတယ်လေ လူနာ"

တအံ့တသြကြည့်နေသူကို လျစ်လျူရှုကာ စီးကရက်ကို ပြာခွက်ထဲ ထိုးခြေလိုက်သည်။

"မင်း ... မင်း ... ခု ... ငါ့ကို ဘာလုပ်လိုက်တာ"

လူနာ၏မျက်နှာသည် ဒေါသကြောင့် နီမြန်းလာပြီး လက်က စီးကရက်ကိုင်ထားသော မင်းဆက်၏ လက်ကောက်ဝတ်ကို ဆွဲကိုင်လာသည်။ အားဖြင့် ဆုပ်ကိုင်ထားသဖြင့် အရိုးခိုက်လောက်အောင် နာသော်လည်း အံကို တင်းတင်း ကြိတ်လိုက်ရင်း ...

"လွှတ်ပါ လူနာ ... ဆေးရုံမှာ ဆရာဝန်ကို အကြမ်းဖက်လို့မရပါဘူး"

အာ့ ...

ထိုအခါ လူနာသည် မျက်မှောင်ကြုတ်၍ ရုတ်တရက် လက်ကို လွှတ်ချသည်။

"ငါကလည်း ဆေးရုံမှာ မနေချင်လို့ အိမ်ပြန်မယ် ပြောနေတာကို မင်းတို့ကမှ မခွင့်ပြုတာ"

မာထန်နေသော လေသံမှာ မင်းဆက်၏နားထဲသို့ ကန့်လန့်ထိုးဝင်သွားသည်။ ပုံမှန်ဆို ဒီလောက်ဆိုးနေသူကို အိမ်ပြန်လွှတ်ချင်သော်လည်း လမ်းမှာ ဆရာမပြောသည်များကို စိတ်ပျက်စွာ ကြားယောင်လာမိသည်။

သူ့အဖေ ကိုယ်တိုင်လာထားခဲ့၍ ဆေးရုံအုပ်ကြီးကပါ သေချာဂရုစိုက်ဖို့ ပြောလိုက်သည်တဲ့။ဆေးရုံအုပ်ကိုယ်တိုင် ဝင်ပါကတည်းက အကောင်ကြီးကြီး အသိုက်အဝန်းဆိုတာ မင်းဆက် နားလည်ပါသည်။ မဖြစ်ဖြစ်အောင်လုပ်ရမှာက သူ့တာဝန်။ သူ့လို ဒီဆေးရုံကို ရောက်ခါစ ဆရာဝန်ပေါက်စက

ဒီလိုလူနာကို ကိုင်ဖို့ဆိုတာ ခက်ခဲပေမဲ့ ဒီနေ့ကတော့ သူတို့ဌာနမှာ သူ တစ်ယောက်တည်းသာ ရှိသည်။

"လူနာ့ဒဏ်ရာက ဆေးမကုရင် အထဲမှာ လှိုက်စားပြီး အရိုးအက်သွားနိုင် တယ်။ ကြာရင် လက်ပါလှုပ်ရှားမရ ဖြစ်သွားလိမ့်မယ်"

"ဟိတ်ကောင် ... မင်းငါ့ကို ခြိမ်းခြောက်နေတာလား"

စူးခနဲ အကြည့်က ခက်ထန်နေပုံများ သာမညောင်ညတော့ မဟုတ်ပါ လေ။

"မဟုတ်ပါဘူး ကျွန်တော်က ဖြစ်တတ်တာကို ပြောပြတာပါ"

"ဆရာမ နားနေခန်းထဲက ကိုလင်းကို တစ်ချက် သွားခေါ်ပေး"

အနားလေး ကပ်ပြောလိုက်တော့ ဆရာမက အခန်းထဲက မသိမသာ ထွက်သွား၏။

"ငါ့ဟာငါ ဘာဖြစ်ဖြစ် မကုဘူးဆိုမကုဘူးပဲ ... ငါအိမ်ပဲပြန်မယ်"

"ကျွန်တော် လူနာ့ကို ကုဖို့အတွက် နေ့လယ်စာတောင် မစားဘဲ လာခဲ့ရ တာပါ။ ကျွန်တော်က ဆရာဝန်ဖြစ်တဲ့အတွက် ကျွန်တော်က ကုဆို လူနာက ကုရပါမယ်"

"ဘာကွ ..."

စူးခနဲ အော်သံကို မင်းဆက် ဂရုမစိုက်။ ဒဏ်ရာ အခြေအနေကိုသာ လှမ်း၍ စူးစမ်းနေသည်။ တစ်အောင့်လောက်အကြာ ဆရာမ ခေါ်လာသော ဒေါက်တာလင်းထက်သူက အခန်းထဲသို့ အူကြောင်ကြောင် ရောက်ချလာ သည်။"ဘာကိစ္စလဲ"ဟူသည့် ပုံစံဖြင့် မေးဆတ်ပြသော ကိုလင်းကို သူ လူနာ့ ထံ မျက်စပစ်ပြလိုက်၏။

"ကိုလင်း ... လူနာကို တစ်ချက်ချုပ်ပေးပါ ဆရာမတို့နှစ်ယောက်ရော"

"ဟာ ဟိတ်ကောင်တွေ ... မင်းတို့ ..."

ထထိုးတော့မည့် သူ့ကို ယောက်ျားနှစ်ယောက်အားဖြင့် ခုတင်ပေါ် ဝိုင်းလုံချုရသည်။ ဒေါက်တာလင်းထက်သူက တိုက်ကွမ်ဒိုရော ဂျူဒိုရော တတ်ထားသဖြင့် အဆင်ပြေမည် ထင်သော်လည်း ကျားတစ်ကောင်နှယ် အားကြီးလွန်းသည့် အနီလူနာကြောင့် ဝရုန်းသုန်းကား ဖြစ်ကုန်၏။ ရုန်းကန် ထိုးနှက်နေသောကြောင့် လူလေးယောက် မနည်းချုပ်တာတောင် ဖရိုဖရဲ။

"မင်းတို့ ငါဘယ်သူလဲဆိုတာ မသိဘူးလား ... င့ါကိုလွှတ်"

"ဆရာမ ... ဆေး ..."

မင်းဆက်တို့ နှစ်ယောက် စချုပ်စဉ်က ခိုင်းထားသည့်အတိုင်း Diazepam ပြင်ထားသော ဆရာမက ဆေးအပ်ကို တုန်ရီရီ လှမ်းပေးလာသည်။ လက်မောင်းတစ်ဖက်ဖြင့် ရုန်းကန်နေသူကို ဖိပြီး ကျန်တစ်ဖက်နှင့် လူနာ၏ လက်ကို အပ်ဖြင့် ထိုးချလိုက်ရသည်။

"အား ..."

တစ်မိနစ် ...

ဆေးပြင်းဖြစ်သောကြောင့် အားလုံးဝလျော့သွားပြီအထင်နှင့် နာကျင်စွာ ရှုံ့မဲ့နေသူကို အသာလွှတ်လိုက်မိလျှင်

"မင်း ... ကိုယ်မေကိုယ်-ိုး"

ခွပ် ...

လက်သီးသံ ခပ်ပြင်းပြင်းနောက်တွင် မင်းဆက်၏ မျက်နှာတစ်ခုလုံး ထူပူသွားသည်။ ပါးစပ်ထောင့်မှ သွေးများ တရစပ် စီးကျလာပြီး နှုတ်ခမ်းသား က ပေါက်ပြဲသွား၏။

"မင်း ... မင်းဆက် ရရဲ့လား"

ကိုလင်း၏ စိုးရိမ်တကြီးမေးသံကို ပြန်မဖြေနိုင်။ ခေါင်းတစ်ခုလုံး မူးဝေနေဆဲ။

ခွပ် ...

ပစ်ဝင်လာပြီ နောက်တစ်ချက်။

ကြမ်းကြမ်းတမ်းတမ်း ဆော်ထည့်လိုက်သောကြောင့် နှာခေါင်းမှ သွေးများ ဖြာခနဲ ထွက်လာ၍ မျက်လုံးများပါ ပြာဝေသွားသည်။

အခန်းထဲမှ လူအားလုံး လန့်ကြောင် ကြောင်၍ အံ့သြနေစဉ် လူဆိုးကောင်ကတော့ နှစ်ချက် အားကုန်ထိုးပြီး သူ့ခေါင်းသူကိုင်ကာ မူးတယ်ဟု အော်ဟစ်၍ ခုတင်ပေါ်ပစ်လဲကျသွား၏။

သူရဲကောင်း လုပ်ချင်သော ဆရာဝန်ပေါက်စ သိုက်မင်းဆက်ခမျာ လက်သီးနှစ်ချက်ဒဏ်ကြောင့် ပါးစပ်နှင့် နှာခေါင်းများမှ သွေးနီနီများက ပေပွလျက် ခရမ်းချဉ်သီးမျက်နှာ ဖြစ်နေတော့သည်။

"ဆ ... ဆရာမ tissue!"

ဒေါက်တာလင်းထက်သူက အသိဝင်လာ၍ tissue အမြန်ယူကာ မင်းဆက်ကို သုတ်ပေးရန်လုပ်သည်။

"မင်းဆက် ... ငါ့ညီ ရ ... ရဲ့လား"

"အား ... နာလိုက်တာဗျာ မေ့ဆေးထိုးထားတာရော ဟုတ်ရဲ့လား"

သူ Tissue ဖြင့် မျက်နှာမှ သွေးများကို ဖွဖွပွတ်သုတ်လိုက်သည်။ အနီရောင် ပြောင်းသွားသော Tissue ကို ကြည့်ပြီး မင်းဆက် မျက်လုံးပြူးသွား၏။ ခုတင်ပေါ်မှာ မေ့ဆေးအရှိန်ဖြင့် လဲနေသော ခန့်ဦးရှိန်ကို တအံ့တသြနှင့် အီလည်လည်ဖြစ်စွာ လှမ်းကြည့်လိုက်မိသည်။

အား ... ပါး ... ပါး ...

***

အပိုင်း (၂)

Toilet က မှန်ထဲမှ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရင်း မင်းဆက် ငိုချင်သွားသည်။ မျက်နှာတစ်ခုလုံး ဖူးရောင်နေသည်မှာ မသိလျှင် အုပ်စုဖွဲ့ ရန်ဖြစ်လာသည့်အတိုင်း နီးနီးပင်။ နှုတ်ခမ်းနီမလေးများကြား ရေပန်းစားခဲ့သည့် နှာခေါင်းချွန်လေးဟာ ခုတော့ ရောင်ကိုင်းလို့၊ ယောကျ်ားလေးတန်မဲ့ အဆီအမြဲဆောင်ကာ ခြောက်ကွဲနေလျှင် လိမ်းလိမ်းတတ်သည့် နှုတ်ခမ်းပါးလေးဟာလည်း နီရဲစုတ်ပြဲ။

အမေ မေးရင် ဘယ်လိုပြောရမလဲကွာ။

ဘယ်လိုပဲ အသက်ပြည့်ပြီးသား ယောကျ်ားတစ်ယောက်ဖြစ်ပါစေ၊ ကလေးငယ်တစ်ယောက်လို အသေးစိတ်ကစ ဂရုတစိုက် မွေးမြူခဲ့သည့် မေကြီးအား လူနာက ထိုးလိုက်တာဟု ပြောရမည်တော့ ဆရာဝန်တစ်ယောက်အနေနှင့် သူရှက်ပါသည်။

"ဘယ်လိုလူနာလဲကွာ ... ဆရာဝန်ကိုတောင် သွေးထွက်သံယိုဖြစ်အောင်လုပ်တယ်။ မိုက်မိုက်ရိုင်းရိုင်း အဆဲက ခံလိုက်ရသေးတယ်။"

"ကျက်သတုံးကောင်"

ဆေးထည့်တော့လည်း လတ်လတ်ဆတ်ဆတ် အထိုးခံထားရသော ဒဏ်ရာက စပ်ချေ၏။ လက်သီးချက်ကလည်း ပြင်းလိုက်ပါဘိ။

မျက်နှာချောချောလေးကို အနာတရဖြစ်အောင် လုပ်၍ ခံပြင်းသည်ထက် ဆေးအမှတ်ဝင်သည့်အချိန်မှ စ၍ ယနေ့ထိ ဝင့်ကြွားလာခဲ့သော ပညာတတ်

ရုပ်ချော Cool guy ဒေါက်တာသိုက်မင်းဆက် မာနထိခိုက်သလို ခံစားလိုက်ရသည်။ ခုတော့ လူနာလက်ချက်နှင့် ဖူးခက်မင်းဆက် ဖြစ်နေပြီ မဟုတ်ပါလား။

ဘဝက ဘယ်လောက်ဆိုးသလဲဆို ဆေးတောင် ကြာကြာ မထည့်ရ။ အမြန်အပြီးသတ်ကာ ကျေးဇူးရှင် မေ့နေတုန်း သူ့လက်မောင်းက ဒဏ်ရာကို ကုသ ရဦးမည်။ ဆေးပြယ်လို့ နိုးလာလျှင် ဖူးခက်မင်းဆက်ထက် ရုပ်ပျက်အောင် သူ့ကို ကြိတ်မှာ အသေအချာမလို့ လူနာခန်းထဲ မသွားချင်သော်လည်း သုတ်ခြေတင်ရတော့၏။

***

"ဟယ် ဒေါက်တာ့မျက်နှာကြီးက တအားရောင်နေတာပဲ"

"ရတယ် ဆရာမ ကျွန်တော့်ကို ခဏနေ အရောင်ကျဆေးတစ်လုံးသာ ထိုးပေး ... လူနာရော ဘယ်လိုလဲ"

"မေ့နေတုန်းပဲ ... .နောက် သုံးနာရီလောက်ဆိုရင်တော့ သတိပြန်ရမယ်ထင်တယ်"

လူနာကို လှမ်း၍ ကြည့်လိုက်လျှင် ခုတင်ပေါ်တွင် သူမဟုတ်သည့်အတိုင်း အေးဆေး မေ့မြောနေတာ တွေ့ရသည်။ လက်မှ ဒဏ်ရာကို ကြည့်ရန် လူနာခုတင်ဘေးမှ ခုံတွင် သူ လှစ်ခနဲ ဝင်ထိုင်လိုက်၏။

တံတောင်ဆစ်ထိ ခေါက်ထားသော ရှပ်လက်ရှည်ကို လက်မောင်းနားထိ ရောက်အောင် ကတ်ကြေးဖြင့် ညှပ်လိုက်ရသည်။ သွေးတစိမ့်စိမ့်ထွက်နေသော ဒဏ်ရာက ထင်ထားတာထက် နက်နေလေပြီ။ တအားနာနေမှာကို လူနာ ဘယ်လိုများ တောင့်ခံခဲ့လဲ မင်းဆက် မသိချင်တော့ပါ။ သွေးတိတ်အောင်လုပ်၊ ဆေးထည့်ပြီး အပ်ဖြင့် သေချာ ချုပ်ပေးနေလိုက်သည်။

သွေးတိတ်သွားမှ လက်မောင်းက Tattoo ကို ထင်ထင်ရှားရှား တွေ့မြင်ရတော့သည်။ ဒီလူက Tattoo တွေတော့ တကယ်အများသား။ ခုနက ရန်းရင်းဆန်ခတ်ဖြစ်ချိန် တွေ့ခဲ့ရသည်က လည်ကုပ်မှာ တစ်ခု။ ညာဘက်လက်ဖျံမှာလည်း တစ်ခု။ ဘာပုံတွေမှန်းတော့ မင်းဆက် သေချာမသိ။

လက်မောင်းနှစ်ဖက်က Tattoo ကတော့ ခပ်ကြီးကြီးငှက်မွေးပုံများဖြစ်သည်။ ငှက်မွေးဘေးမှ ပျံ့ထွက်နေသော အမွေးအပိုင်းအစများကလည်း အနုစိတ်လှသည်။ အသားဖြူဖြူပေါ်မှာ လက်ဝင်စွာ ထိုးနှံထားသော Tattoo သည် ပနံသင့်၏။ မင်းဆက် စိတ်ဝင်စား၍ ညာဘက်လက်ဖျံက Tattoo ကို လှမ်းကြည့်မိသည့်အခါ ကျားကုတ်ရာလို လှိုင်းအတွန့်အတွန့်လေးခုလောက် ဖြစ်သည်။ ခန္ဓာကိုယ်က အရာရာတိုင်းဟာ အရှိန်အဝါနှင့်ကြည့်လို့သန့်နေသည်မှာ ကိုခန့်ဦးရှိန်၏ အားသာချက်ပေ။

လည်ကုပ်ကို လှန်ကြည့်မိပြန်တော့ ပင့်ကူအိမ် အသေးစားက ခန့်ခန့်ထည်ထည်။ ရိုးရိုးဆိုင်က ထိုးထားသည် မဟုတ်ဘဲ သူများနိုင်ငံက နာမည်ကြီး ဈေးကြီးဆိုင်များတွင် သေချာ ထိုးထားသော တန်ဖိုးကြီးTattooများမှန်း သိသာသည်။ Tattoo ဘယ်လောက်များများ လူရမ်းကားပုံမျိုး မပေါ်သည့် ဤလူသည် မေ့မြောနေသော်ငြားက ခန့်ညားစွာ ရှိနေ၏။ ပုံပျက်ပန်းပျက်မဟုတ်။

လက်မောင်းကို ချုပ်စဥ်မှာလည်း သွေးကြောများ ယှက်ဖြာနေသည့်လက်ဖျံတစ်ခုလုံးကို မင်းဆက် အသေအချာ မြင်လိုက်ရသည်။ လက်သည်းခွံ ကြည်ကြည်များဖြင့် ခိုင်မာစွာ ပြေပြစ်နေသည့် လက်ချောင်းရှည်များကလည်း ကြည့်လို့ ကောင်းစွာ သွယ်ပျောင်းပျောင်း။ သူ့ကို ထိုးလို့နည်းနည်း ပွန်းချင်သည့် လက်ဆစ်များကိုတော့ မင်းဆက် တာဝန်အရ ဆေးထည့်ပေးလိုက်ရသည်။

"ဆရာမ ... သူနိုးလာလို့ ဆေးရုံဆင်းချင်တယ်ဆို ဆင်းပေးလိုက်တော့နော်"

"ဟုတ်"

***

"ဟာ သားကြီး မင်းလူနာ အထိုးခံရလို့ဆို"

Valentine day မှာ ပျော်ပျော်ပါးပါး လျှောက်လည်ပြီး ပြန်လာသည့် ဟန်သွေးထွဋ်က အလန့်တကြား မေးဆတ်လာသောကြောင့် မင်းဆက်မှာ မျက်နှာကို ရေနွေးပူနှင့် အပက်ခံလိုက်ရသလို ရှုံခနဲ နွေးသွား၏။ ရက်စိတ်က ထူပူလာသည်နှင့်အမျှ သောက်နေတဲ့ Coffee ပင် မြိုမကျတော့။

"တော်စမ်းပါကွာ ဘာမှဟုတ်တာ မဟုတ်ဘူး အေးဆေး"

"ဘာအေးဆေးလဲကွ ... မင်းမျက်နှာကြီးကို ဖူးရောင်နေတာပဲ"

သူ မျက်ထောင့်နီဖြင့် စိုက်ကြည့်ပစ်လိုက်တော့ သကောင့်သားက ရယ်ကျဲကျဲ လုပ်နေ၏။

"မောင်ရယ် ... စ မနေပါနဲ့ ဒီကောင်ကြီး ရှက်နေပါဦးမယ် ဟဲဟဲ"

နံဘေးက ဝတ်မှုန်ဦးကပါ စပ်ဖြီးဖြီးနှင့် ဟန်ပြ ဝင်တားလေသည်။

မင်းဆက်သည် သူတို့နှစ်ယောက်အား ဆေးကျောင်းတက်ကတည်းက ပေါင်းလာသည့် သူငယ်ချင်းတွေမို့ ဒီလိုနေ့မျိုးမှာ အတွဲလိုက် ပျော်ပါစေဟူ၍ အစားဝင်ပေးခြင်းကိုသာ နောင်တရမိ၏။

"နှစ်ယောက်လုံးပဲ ဝိုင်းလှောင်လိုက်ပါတော့ကွာ ဒါနဲ့ ကိုရဝိန်တို့ရော ပြန်မလာသေးဘူးလား"

"ဘယ်လာမလဲ ဒီချိန်ဆို အစ်ကိုက သူ့ဘဲနဲ့တောင် ရှပ်ရှင် သွားကြည့်နေလောက်ပြီ"

ဟန်သွေး၏ အူမြူးမြူးအပြောအား သြော်ဟုသာ နှုတ်ခွန်းဆောင် နိုင်တော့သည်။

သူတို့ဌာနမှာလည်း အတွဲပေါင်းက သောင်းခြောက်ထောင်။ ငယ်ငယ်တည်းက ပေါင်းလာသည့် ဟန်သွေးထွဋ်နှင့် ဝတ်မှုန်ဦးက အလုပ်ဝင်ရင်းတွဲဖြစ်ကြသလို သူတို့ Senior ကိုရဝိန်သန့်မှာလည်း လွန်ခဲ့တဲ့ တစ်လကမှ သူနာပြုမောင် သူရမြင့်ဇော်နှင့် ဖူးစာဆုံခဲ့ပြန်သည်။ တခြား professor များတွင်လည်း အိမ်ထောင်မရှိသူက ရှား၏။ ဆရာဝန်ပေါက်စများထဲတွင်တော့ သိုက်မင်းဆက် တစ်ယောက်တည်း အထန်ကြီး(အထီးကျန်) ဖြစ်နေသည်။

ပိုးပန်းလာသည့် တခြားဌာနမှ ဆရာဝန်မလေးများကိုတော့ မင်းဆက် အားနာရသည်။ အကြောင်းမှာ သူဟာ အသည်းကွဲဖူး၍ ရှောင်ခွင်းသည်မျိုး မဟုတ်ဘဲ ရည်းစားထားဖို့ ကိစ္စကို စိတ်မဝင်စားခြင်းဖြစ်လေသည်။ မစား သောက်ရသေးသော အစားအစာတစ်ခုအား အထိုက်အလျောက် ငြင်းဆန် နေသည့် ငါးနှစ်သားပမာ သက်သက် အပူရှာသည်ဟုပင် ထင်သည်။

နေ့စဉ် သူ့ကားပေါ်လာလာတင်ထားသည့် လက်ဆောင်ပစ္စည်းများကို အကုန်ယူဖြစ်သည်။ ကိုယ့်ကို ချစ်ခင်လို့ ဆက်သသည့် ပိုးကြေးပန်း ကြေးများကို ပြန်ပေးလိုစိတ်မရှိ။ အကယ်၍ ပြန်ပေးရမည်ဆိုလျှင်လည်း ဌာနပေါင်းစုံကို ပတ်ပေးနေရဦးမည်။

ဒီလိုနေ့မျိုးကျတော့လည်း သူငယ်ချင်းတွေကို သူအားကျမိသား။ ပျော် တော့ ပျော်စရာလေးပါလား ဟူသော အမြင်က နှစ်ချို့ Single တစ် ယောက်၏ အတွေးရေကြောထဲသို့ မချိုမချဉ် တိုးဝင်လာပြန်သည်။ သူ့မှာ သာ ရည်းစားရှိလျှင် ဒီလိုနေ့မျိုးကို ကြံဖန် ခွင့်ယူကာ ချစ်သူနှင့် နှပ်နေလို့ ရသည်။ Professorများကို အကူအညီတောင်း၍ ခွင့်သာ ရလျှင် ဒီနေ့လို ဟိုဘဲရဲ့ အထိုးခံရမှာလည်း မဟုတ်။ ဒီနေ့မှ ထူးထူးဆန်းဆန်း ရည်းစားတစ်

ယောက်လောက် လိုချင်လာသည်မှာ ကိုခန့်ဦးရှိန်၏ စနက်ပင် ဖြစ်ချေပြီ။

***

တဆစ်ဆစ် ကိုက်နေသည့်ခေါင်းကြောင့် ခန့်ဦးရှိန်ဒေါသက ငယ်ထိပ် ရောက်နေလေပြီ။ လက်မောင်းက ချုပ်ရိုးလေးကို ကြည့်လိုက်မိတော့ သပ်သပ်ရပ်ရပ် ချုပ်လို့ထား၏။

"မကုချင်ပါဘူးဆို မရရအောင် ကုလိုက်သေးတယ်"

"လူနာ ... သတိရလာပြီလားရှင့် ..."

ဘေးနားမှ အသင့်စောင့်နေသော ဆရာမလေးက သူ့အား ခပ်တိုးတိုး မေး လာသည်။

"အေးလေ မမြင်ဘူးလား"

ဆတ်ခနဲ တုန်သွားသော သူမသည် ကြောက်ရွံ့သွားပုံရသော်လည်း တွန့်ဆုတ်စွာနှင့် ပြောစရာရှိသည်ကို ဆက်ပြောလေ၏။

"ဟို ... လူနာ ဆေးရုံက ဆင်းချင်ဆင်းလို့ ရပါပြီရှင့်"

"ဟိုကောင်လေးရော"

"ရှင် ... Dr.သိုက်မင်းဆက်လားရှင့်"

"သိုက်မင်းဆက်တဲ့လား သူ့နာမည်က ... ဆေးရုံရောက်တာ ဘယ်နှနှစ်ရှိ ပြီလဲ"

"ကျွန်မလား ... လူနာ"

"သိုက်မင်းဆက်ကို မေးနေတာလေ မင်းကို မေးလား"

ရှက်ကိုးရှက်ကန်း ဖြစ်သွားသော ဆရာမကို ခန့်ဦးရှိန် စိတ်ပျက် လက်ပျက် စောင်းကြည့်လိုက်သည်။ သူ့ကို ကြောက်လည်းကြောက်၊ ငမ်း

လည်းငမ်းချင်နေသည့် အမျိုးသမီးပါလေ။

"Dr က ဆေးရုံရောက်တာ ၅လ ရှိပါပြီ"

ခံပြင်းစိတ်နှင့် ဒေါ်သက ထောင်းခနဲ။

"အဲ့ ... အဲဒီလို ဆရာဝန်လေးက ငါ့ကို ... တောက်"

အနိုင်ပိုင်းသွားသူဟာ ဘာမဟုတ်တဲ့ ကောင်ငယ်လေးအဖြစ် သိပြီး နောက်တွင် တိတ်ဆိတ်နေသည့် အခန်းအား ခန့်ဦးရှိန်၏ တောက်ခေါက်သံ ကျယ်ကျယ်က ညံ့ညံ့စူးစူး နေရာယူ၍ သွားသည်။

***

## အပိုင်း (၃)

"မင်းဆက် ... ဟိုဟာ ဘယ်သူတွေလဲ"

ဆေးရုံဝင်းထဲသို့ ဝင်လာသော ကားအနက် သုံးစီးမှ ဆင်းလာသည့် Suit အနက်ရောင်နှင့် လူထွားများ။ Canteen တွင် မုန့်ထိုင်စားနေသည်မလို့ ထိုလူများကို သူနှင့် ဟန်သွေး အတိုင်းသား လှမ်းမြင်နေရသည်။

"ဟိုကွာ ... Korea dramaကားတွေထဲက သူဌေးရဲ့ Bodyguardတွေကျလို့ ..."

"အေးနော် ... ဘယ်သူ့ဆီလာတာလဲ မသိဘူး"

ထိုလူများ ဆေးရုံထဲသို့ဝင်ပြီး ဆယ်မိနစ်လောက်အကြာ ပြန်ထွက်လာကြ၏။ သို့သော် သူတို့ချည်းပဲတော့ မဟုတ်။ အလယ်တွင် လူတစ်ယောက် ပါလာသည်။ မင်းဆက် သေချာလှမ်းကြည့်မိမှ သူ့လူနာ ကိုခန့်ဦးရှိန် ဖြစ်မှန်း သိလိုက်ရ၏။

"ဟိတ်ကောင်ရေ ... ဘဲကြီးက ခန့်လှချည်လားကွ ... သူတို့ သူဌေး ထင်တယ်"

"ဇွတ်ခန့်မနေနဲ့ အဲဒါ ငါ့ကိုကြိတ်သွားတဲ့ကောင် ..."

"ဟေ ... ဟုတ်လား"

ကားတံခါးတောင် သူ့ဟာသူမဖွင့်၊ သူ့လူတစ်ယောက်က ဖွင့်ပေးရ ရှာသည်။ လက်ကလည်း သောက်လက်စ စီးကရက်ကို ကိုင်ထားလျက်။ ဘယ်လောက်တောင် အထက်စီးဆန်သလဲဆို မျက်လွှာတောင် အောက်ကို

တစ်ခါမှမချေ။ မင်းဆက်မှာတော့ ဆေးလည်းကုပေးရသေး၊ အထိုးက လည်း ခံရသေး တောင်းပန်စကား တစ်ခွန်းတောင် ဆိုမသွားသောသူ ကြောင့် ပိုက်ဆံရှိသားသမီးတွေများ သည်လိုပဲလားဟု သိမ်းကျုံးတွေးတော မိ၏။

"သူက မင်းလူနာမလား ... ဆေးရုံဆင်းတာကို မင်းကို ဘာလို့ ပြောမသွား တာလဲ"

"ဩော် ... မျက်နှာတောင် ပိတ်ထိုးသွားပါတယ်ဆို ငါ့ကို လာပြောနေဦးမ လား အဲ့ကောင် အရိုင်းအစိုင်း"

"ဟုတ်ပ ... ငါတို့ထက်တော့ ကြီးမယ့်ပုံနော် ..."

"အေး ... နှစ်နှစ်ကြီးတယ် မထင်ရဘူးနော် ... ငါက ၁၀ နှစ် လောက်ကြီး တယ် ထင်နေတာ"

"ဟား ... ဟား ... ဟား ... မင်းကတော့"

သာမန်ထက် ပို၍ မောက်မာထောင်လွှားနေဟန် မျက်နှာထားကို အကြောင်းပြု၍ မကျေနပ်ချက်ကို ခဲကာ အားပါးတရ ခနဲ့လိုက်မှ စိတ်ထဲက အနည်းငယ် ပြေသွားဟန် ရှိ၏။

ဆေးရုံဝင်းထဲမှ တလိမ့်လိမ့်ထွက်သွားသော ကားများကို ကြည့်ပြီး အ ကျေနပ်ကြီး ကျေနပ်နေမိသူက သိုက်မင်းဆက်သာ ဖြစ်သည်။

ထမင်းကြော်တစ်လုတ်ကို ပါးစပ်ထဲ သွတ်ထည့်ရင်း ဒီလို လူနာနဲ့ နောက် တစ်ခါ ထပ်မတွေ့ပါရစေနဲ့ ဟုသာ တိုးကြိတ် တောင်းဆုပြုနေမိ၏။

***

"ပြန်ရောက်ပါပြီ"

အိမ်ဆင်ဝင်တွင် ဝတ်ထားသော Sneaker အပါးလေးကို ကန်ချွတ်ရင်း သူ

အသိပေးလိုက်သည်။

"အေး နားလိုက်ဦး သား၊ သားငယ်ကို ကျူရှင် ကြိုပြီးရင် မေကြီး ညစာ ပြင်ပေးမယ်"

Korea Drama ကို စိတ်ဝင်တစား ကြည့်နေသော ဒေါ်မြတ်သူက TV တွင် အကြည့်ပို့လျက်သာ မင်းဆက်ကို လှမ်းပြော၏။

"ဖေကြီးရောဟင်"

"သားအဖေက လက်ဖက်ရည်ဆိုင်သွားပြီး သူ့သူငယ်ချင်းတွေနဲ့ ဘောလုံးပွဲ သွားကြည့်နေလေရဲ့"

မင်းဆက် တိုးဖွဖွရယ်လိုက်မိသည်။ အကြောင်းကတော့ ထုံးစံအတိုင်း သူ့အဖေနဲ့အမေ TV လုရင်း ဖေကြီးကပဲ အလျှော့ပေးလိုက်ပြန်ပြီ ထင်ပါ၏။

မျက်နှာကို ခပ်ရှုံ့ရှုံ့ငုံ့ကာ အိမ်ပေါ်ထပ်ကို တက်၍ သူ့အခန်းထဲဝင်၊ ခုတင်ပေါ် ခြေပစ်လက်ပစ် လှဲချပစ်လိုက်တော့သည်။ Aircon လေအေးအေးလေးကြောင့် စိတ်ထဲနေရသက်သာသွား၍ မျက်လွှာများကို မှိတ်ချ အနားယူ၏။ တစ်နေကုန်ပြေးလွှား၍ လူနာကြည့်နေရသော ခြေထောက်များက တဆစ်ဆစ် ကိုက်ခဲနေသည်။

"ဒီနေ့ လူနာအများဆုံးပဲကွာ ဒီကြားထဲ ဟိုလူကပါသေး"

စိတ်ဆိုးမာန်ဆိုးနှင့် ပစ်ထိုးခံရသည့် လက်သီးအကြောင်း အတွေးရောက်တော့ ရောင်ကိုင်းကိုင်းနှာရိုးနှင့် နှုတ်ခမ်းသားအပြဲက အနာစခန်း ထပ်ကြွလာပြန်သည်။

တော်ပါသေးသည်၊ အိမ်ဝင်စမှာ မေကြီးက သူ့ကို စိတ်မဝင်စားဘဲ ဇာတ်ကားကို အာရုံရောက်ဖြစ်နေလို့။ ဟင်း ညစာစားလျှင် တွေ့ရမှာပဲဟု တွေးမိပြန်တော့လည်း စိတ်ဓာတ်က အကျသား။ မေကြီးတို့သာ အမှန်တိုင်း

သိရင် စိတ်ကောင်းမှာ မဟုတ်။

ငယ်ငယ်ကတည်းက အစစ အရာရာ ဂရုတစိုက်ပျိုးထောင်ပြီး ပိုးမွေးသလို မွေးမြူခဲ့သည့် ပညာတတ်ရုပ်ချော သားတော်မောင်ပေ မဟုတ်လား။ သမာအာဇီဝဖြင့် လုပ်ကိုင် စားသောက်နေသော လူလတ်တန်းစား မိသားစုလေး ဖြစ်သော်ငြား သူတကာနှင့် တန်းတူနေနိုင်အောင်၊ သူ့ကို စိတ်ချမ်းသာအောင် အမြဲထား၏။ ထို့ကြောင့်လည်း ဆရာဝန်ဖြစ်စေလိုသော မိဘများ၏ ဆန္ဒကို သူသည် အပိုအလိုမရှိအောင် ဖြည့်ဆည်းပေးခဲ့သည်။ ခုလို အနာတရဖြစ်တာကို သိလျှင် စိတ်မကောင်းဖြစ်မှာ အသေအချာ။ မျက်မှောင်ကို စုကျုံ၍ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲမြဲသော မင်းဆက်ခမျာ ဘယ်လို လိမ်ဆင်ဖွင့်ရပါ့မလဲ တွေးတောမိသည်မှာ အတော်ပင်ကြာ၏။

***

"သားကြီး ... မျက်နှာက ဘာဖြစ်တာလဲ"

ထင်ထားသည့်အတိုင်း ထမင်းစားနေရင်း မေကြီးက ရိပ်မိလို့ သွားလေပြီ။ အဖေဖြစ်သူ ဦးသိုက်ညွန့်ကတော့ မင်းဆက် ဘာပြန်ဖြေမလဲကို စောင့်ဆိုင်းနေသည်မှာ သိသာစွာဖြင့် ထမင်းသာ ငုံ့၍ စားနေသည်။

"ဟို ... သားချော်လဲတာ ... မေကြီး"

"ဟုတ်လို့လား သားရ မင်းကြည့်ရတာ အတော်ယောင်နေသလိုပဲ ... ဘာလဲ ရန်ဖြစ်လာတာလား"

မယုံကြည်စွာ မေးမြန်းလာသည့် သံသယများကြား မလိမ်ညာတတ်သူပီပီ ခေါင်းကို ခါယမ်းပြ၍ ထမင်းကိုသာ ဆက်လက်စားနေမိ၏။

"အို ... ရှင်ကလည်း သားက ဘယ်တုန်းက ရန်ဖြစ်ဖူးလို့လဲ အားတိုင်း

ရန်ဖြစ်နေတာ ဒီက ရှစ်တန်းကျောင်းသားကြီး"

မကြီးက သူ့ကို ကာကွယ်ပြောရင်း သူတို့အိမ်က အထွေးဆုံးလေးဖြစ်သော သိုက်မင်းထက်ထံ တရားခံညွှိုးလာ၏။ သိုက်မင်းထက်သည် လတ်တလောကမှ ကျောင်းတွင် ရန်ဖြစ်၍ ရုံးခန်း ရောက်ခဲ့သေးသည်။

"မကြီးကလည်းဗျာ သားတစ်ခါတည်း ဖြစ်ဖူးတာကို ပြောလို့ မပြီးတော့ဘူး။"

ဆူပုပ်ပုပ်နှင့် ဂျစ်ကန်နေသည့် လူပျိုပေါက်လေးကို မကြီးက ချစ်စနိုး စနောက်နေ၍ စကားစက ပြတ်သွားသည်။ ဖေကြီးကလည်း သာမန်ကိစ္စတစ်ခုလို မသိကျိုးနွံပြုကာ မမေးတော့ဘဲ ထမင်းသာ ဆက်စားနေသောကြောင့် မင်းဆက် အသက်ရှူချောင်သွားရ၏။

ညစာစားပြီးနောက် ဘုရားခန်းထဲဝင်၊ ဘုရားရှိခိုး ပြီးမှ သူ့အခန်းသို့ ပြန်၏။ မအိပ်ခင် သုံးနာရီလောက် စာဖတ်ပြီး အထိုးခံမျက်နှာကို ဆေးထည့်ကာ သိုးသိပ်စွာ အိပ်ရာဝင်လိုက်တော့သည်။

***

"အစ်ကိုကြီး ရှာခိုင်းထားတဲ့ ကျော်မြင့်ကို ခေါ်လာပါပြီ"

သူသည် ကျောပေးထားသော ဆံလှည့်ထိုင်ခုံကို ဖြည်းဖြည်းချင်းလှည့်၍ ရှေ့တည့်တည့်ကို စူးစိုက် အကြည့်လိုက်သည်။ မျက်နှာချင်းဆိုင်မှ ဖမ်းဆီးခံထားရသော ကျော်မြင့်မှာ သူ့အကြည့်ကြောင့် တစ်ကိုယ်လုံး တုန်ရီသွား၏။

မျက်မှောင်ကြုတ်ထားခြင်းက မာကျောသည်ဆိုတာထက်ကို ပိုသလို တင်းတင်းစေ့ထားသော နှုတ်ခမ်းပါးဟာလည်း ကြောက်မက်ဖွယ် ငွေ့ရည်များ တဖွားဖွား ဖိတ်ယိုကျနေသည်။ ထိုင်ခုံမှ ဆတ်ခနဲ ထကာ ကျော်မြင့်ဆီ

တည့်တည့် လျှောက်လာရင်း ...

"ကျော်မြင့် ... မင်း ငါ့ပစ္စည်းတွေ ဘာလုပ်လိုက်တာလဲ"

"သွားတဲ့လမ်းမှာ တကယ် ဓားပြတိုက်ခံရတာပါ အစ်ကိုကြီး ... ကျွန်တော် အစ်ကိုကြီးကို မလိမ်ရဲပါဘူး"

နှုတ်ခမ်းစွန်းများ ကော့တက်၍သာ တတ်စွမ်းနိုင်သည့် လီဆယ်မှုများကို ဆက်လက်နားဆင်ဖို့ ပြင်၏။

"မင်းက ဘယ်သူ့တပည့်လဲ"

"အ ... အစ်ကိုကြီးရဲ့တပည့်ပါ"

"ဓားပြတိုက်ရုံမကလို့ မင်းကိုပဲ သတ်သွားသွား ငါ့ပစ္စည်းတွေကို မင်းမရ ရအောင် ပြန်ယူထားရမှာ မဟုတ်ဘူးလား ... မင်းငါ့တပည့်လုပ်နေပြီး နိုင်အောင် မလုပ်ခဲ့ဘူးလား"

ခက်ထန်သော လေသံနှင့် လိုက်ဖက်စွာသော မျက်ဝန်းနီနီတို့သည် တစ်ဖက်လူကို ဝပ်ပြားစေသည်။ ခန့်ဦးရှိန်၏ ဒေါသူပုန်ထမှုအောက်တွင် ကျော်မြင့်တစ်ယောက် ဒူးများ တုန်တက်လာ၏။

"ကျွန်တော် တောင်း ... တောင်းပန်"

ကြောက်ရွံ့စွာဖြင့် ပြောလာသူ၏ စကားမဆုံးသေး။ ခန့်ဦးရှိန်သည် ကျော်မြင့်အား လည်ကုပ်မှ ဆွဲကိုင်ကာ အနောက်တွင်ရှိသော ရေစည်ထဲသို့ ခေါင်းတစ်ခုလုံးကို အတင်း ဆွဲနှစ်ပစ်လိုက်တော့သည်။ ရေသံ ဗလုံးဗထွေး များကြား ကျော်မြင့် အားကုန်ရုန်းသော်လည်း ခန့်ဦးရှိန်က လက်တစ်ဖက် သုံး၍သာ အားပြင်းစွာနှင့် ဆွဲဆွဲနှစ်သည်။

"သေစမ်းကွာ သေစမ်း ... ဒီလောက် စောက်သုံးမကျတဲ့ကောင် မင်းသေ"

"အစ်ကိုကြီး ... ဖလူး ... အဟွတ်"

ခန့်ဦးရှိန်၏ စိတ်ဆိုးမှု ဒီဂရီကျော်လွန်နေပြီဖြစ်ကြောင်း ထောင်ထနေသော နားထင်ကြောများနှင့် နဖူးထက်မှ အရေးကြောင်းက သက်သေထူ၏။ ခဏတာ အသက်ရှူပေါက် ဖော့ပေးပြီး ဆံပင်မှဆွဲ၍ ခေါင်းတစ်ခုလုံးကို ထပ်နှစ်ပြန်သည်။ ရုန်းကုန်နေသော လက်များကို နောက်ပြန်ချုပ်ထားသောကြောင့် ထုံပြီး ကျိုးလုမတတ်ဖြစ်နေ၏။ အချိန်အတော်ကြာ နှစ်ပြီးနောက်တွင် ရေစည်စောင်းနဲ့ ကျော်မြင့်၏ ခေါင်းကို ခပ်ပြင်းပြင်း တိုက်ချလိုက်တော့သည်။ ဒုန်းဟူသော အသံစီစီကြီးနှင့်အတူ ကွဲအက်လာသော ဦးခေါင်းခွံမှ နီရဲရဲသွေးများက ခန့်ဦးရှိန်၏ မျက်နှာသို့ ဖြန်းခနဲ လာစဉ်၏။

လက်ကို လွှတ်ချလိုက်၍ ကြမ်းပြင်ပေါ်သို့ ပျော့ခွေကျမေ့လဲသွားသော ကျော်မြင့်ကို ခြေထောက်ဖြင့် အားကုန်ပိတ်ကန်လိုက်ရင်း ...

"ဟေ့ကောင်တွေ ... ဒီကောင့်ကို ဆွဲထုတ်သွား ငါ သူ့မျက်နှာ ထပ်မမြင်ချင်တော့ဘူး"

သင်ခန်းစာတစ်ခုရသည့်နှယ် ဂိုဏ်းသားကောင်လေးများက ကြောက်ကြောက်လန့်လန့်နှင့် မြော့နေသူကို တရွတ်တိုက်ဆွဲထုတ်သွား၏။ ဒါသည် ခန့်ဦးရှိန်၏ အာဏာစက်အောက်မှ အကျဉ်းသားများပေ မဟုတ်ပါလား ...

***

## အပိုင်း (၄)

ရေချိုးခန်းထဲမှ ရေစက်ကျသံ တဖြောက်ဖြောက်သည် ရေချိုးနေသူအား ဖျော်ဖြေနေသလား ထင်မှတ်ရလောက်အောင် ညံမြိုင်နေလျက်ရှိသည်။ ရေပန်းအောက်တွင် တည့်တည့်ရပ်နေသော ခန့်ဦးရှိန်သည် ခေါင်းကို အပေါ်သို့ မော့ကာ ရေစက်များ မျက်နှာပေါ်သို့ အရှိန်ပြင်းပြင်း ကျလာသည်ကို အရသာခံယူနေသည်။ ရေစီးကြောင်းများအနှံ့ စီးကျနေသည့် လက်မောင်းမှ ကြွက်သားများဟာ ကြည့်၍ကောင်းစွာ ဖြူဥဥ။ ဗိုက်ပြင်တစ်လျှောက်မှ ပြေပြစ်စွာ တည်ဆောက်ထားသည့် အသားစိုင်များက လည်း ခိုင်ခိုင်မာမာ။ ရေထိသော လက်မောင်းမှ ချုပ်ရိုးက တစ်ချက်တစ်ချက် စပ်လာသောကြောင့် သူ မျက်နှာကို ရှုံ့မဲ့လိုက်မိသည်။ ချုပ်ရိုးကို အုပ်၍ကိုင်မိတော့ မနက်က အကြောင်းအခြင်းများက အတွေးထဲသို့ အတိုးအကြိတ်။

သိုက်မင်းဆက် ဟူသည့် သတ္တိခဲလေး။ သတ္တိရှိတာ မှန်သော်လည်း ဒီကောင်လေး သိပ်ရဲတင်းလွန်း၏။ First sight မှာပင် ခပ်ချောချောကောင်လေးဆိုတာ သူ သတိတထား ကောက်ချက်ချမိသည်။ Duty coat နှင့် အသားဖြူဖြူ ဆရာဝန်လေးက သန့်ချင်တိုင်း သန့်နေတော့သည်။

အညိုနုရောင်မျက်ခုံးများနှင့် အရောင်တူ မျက်ဆန်များ၊ နှာခေါင်းချွန်ချွန်လေးနှင့် အသားဖြူလွန်း၍ သဘာဝအတိုင်းရဲနေသည့် နှုတ်ခမ်းပါးတို့က မိန်းမဆန်သည်ဟု ထင်ရသော်လည်း အကုန်လုံး ခြုံကြည့်လိုက်လျှင်တော့ ယောကျ်ားတစ်ယောက်လို ကြည့်ကောင်းပါ၏။ နုဖပ်နေသော မျက်နှာလေး

က အထက်တန်း ကျောင်းသားသာသာ ရှိသော်လည်း အရပ်ကြီးကတော့ သူနှင့်တန်းတူ ရှည်မိုးမိုး။ သို့သော် ဆေးရုံလာသော ဆရာဝန်ဖြစ်ပါလျက် မထူမပါးဆံပင်များကိုတော့ Gel ဖြင့် သပ်တင်ခဲ့ဖို့ ကောင်းမည်။ နဖူးပေါ်မှာ ဆံမျှင်အုပ်အုပ်လေးက ဟိုဝဲဒီဝဲဖြင့် သူ့ကိုယ်သူ fan meeting လာသော Idol ထင်နေသလားမသိ။ သက်သက် လူနာမလေးစားအောင်။

ဘာပဲဖြစ်ဖြစ် ဘဝမှာ သူ့ကို ကောင်းကောင်း ကုသပေးနိုင်သည်က ဤဆရာဝန်လေးတစ်ယောက်ပဲ ရှိတာကိုတော့ သူလက်ခံရပါ၏။ သူသည် ဘယ်တော့မှ ဆေးရုံမသွားတတ်။ တစ်ခုခုဖြစ်လျှင် တပည့်များက ဝိုင်းဝန်းလုပ်ကိုင်ပေးတတ်သည်။ မနက်က သူများနိုင်ငံကို ပို့မည့် တရားမဝင် ဆေးခြောက်နှင့် ဘိန်းဖြူအပါအဝင် တခြားပစ္စည်းများ ဆုံးရှုံးလိုက်ရ၍ ဒေါသတကြီး ကိုယ့်ကိုယ်ကိုယ် နာကျင်အောင် လုပ်မိ၏။

ဒယ်ဒီက သူ့အိမ်လာတာနှင့် တိုး၍ အတင်းအကြပ် ဆေးရုံပို့ခံလိုက်ရသည်။ စိတ်ဆတ်သူမို့ ဒေါသထွက်လျှင် ဘေးနားမှာ ရှိသူတစ်ယောက်ယောက်ကို နာကျင်အောင် လုပ်လိုက်ရမှ စိတ်ပြေတတ်သည်၊ ဘေးနားမှာ ဘယ်သူ့မှ မရှိသည့်အတွက် သူ့ကိုယ်သူ ဒဏ်ရာရစေခဲ့ခြင်းပင်။ အင်မတန်မှ ရုတ်ရင်းသည့် စာရိတ္တမဟုတ်ပါလား။

ဆေးရုံခန်းထဲက မြင်ကွင်းကို သတိရမိတော့ နှုတ်ခမ်းစွန်းတစ်ဖက်က အလိုအလျောက် ကွေးတက်သွားသည်။ လူနာကို ချုပ်၍ မေ့ဆေးထိုးရသည်များ သိပ်ဗရုတ်သုတ်ခနိုင်၏။ စိတ်ပေါက်ပေါက်နှင့် လက်သီးစာ ကျွေးလိုက်တော့လည်း ဖြစ်သွားသည့် အမူအရာလေးက သနားရယ်စရာ။ တစ်ခါမှ အနာတရမဖြစ်ဖူးတာ သေချာစွာနှင့် အူလည်လည်လေးပင်။ သူလွန်သွားသည်မှာ မှန်၍ တောင်းပန်ကောင်းပေမဲ့ နိုးလာတော့ ကောင်လေးကို မတွေ့တော့။ ခေတ္တ သူ့လူများ ရောက်ချလာ၍ ဆေးရုံစောစော ဆင်းဖြစ်

ခဲ့သည်။ ကားပေါ်ရောက်မှ Canteen တွင် သူငယ်ချင်းနှင့် မုန့်စားနေသည့် ကောင်လေးကို လှမ်းတွေ့လိုက်ရ၏။

***

ချစ်သူများနေ့ နောက်ပိုင်း မင်းဆက် အလုပ်လုပ်ရတာ အရင်ကလောက် မပင်ပန်း။ အနာခံ၍ အသာစံ ရသကဲ့သို့ ခွင့်ယူထားသူများက သူပင်ပန်းလျှင် အစားဝင်ပေးကာ ကျေးဇူးဆပ်သည်မလို့ အနေအစား ချောင်နေသည်။

"မင်းဆက် ... ငါနဲ့တစ်ခါတည်း လိုက်ခဲ့ပါလား"

ကားရှေ့ရောက်လာသော ခွေးကိုရှောင်လိုက်သဖြင့် လမ်းပေါ်မှ အုတ်တိုင်တစ်ခုနှင့် ခြစ်မိပြီး ကားကို Workshop ပို့ထားရသည်။ အကြောင်းသိသည့် ဟန်သွေးက သူ့ကားဖြင့် တစ်ခါတည်း ခေါ်သော်လည်း မလိုက်အားပါ။

"ငါဒါတွေပြီးအောင် ဖတ်လိုက်ဦးမယ် မင်းပြန်နှင့် ... ငါလမ်းလျှောက်ပဲ ပြန်လိုက်တော့မယ်"

"အေးအေး"

သူ့အိမ်နှင့် ဆေးရုံက သိပ်မဝေးသော်လည်း ကားဖြင့် သွားလျှင်တော့ သက်သာသည်။ သို့သော်လည်း ဒီ သုံးပြလေးပြလောက်လေးကို ခြေကျင် မလျှောက်နိုင်လောက်အောင် သူဟာ ကလေးပေါက်စ မဟုတ်။

ဟန်သွေးသွားပြီး ခဏကြာတော့ ဆေးမှတ်တမ်းများ ဖတ်လို့ ပြီးသွားသည်။ ညလည်းနက်နေပြီမလို့ အိမ်ပြန်ဖို့သာ ဆိုင်းပြင်တော့၏။

ဆေးရုံဝင်းအပြင်တွင် ဆောင်းကုန်ခါနီးလေထုက လက်ကျန် အအေးဓာတ်ဖြင့် ခပ်စိမ့်စိမ့်။ ချမ်း၍ Duty coat လေးကို ရင်ဘတ်စိကာ ခပ်မြန်မြန် လျှောက်လာလေသည်။ နှစ်ပြလောက်မှာ လူခြေပြတ်သည့်အခါ တစ်

ယောက်ဖြစ်သော မင်းဆက် ကြက်သီး ထလာမိ၏။ သူ့စိတ်ပဲ ထင်နေတာလားမသိ ...

အနောက်မှာ တရှပ်ရှပ်နှင့် ခြေသံတစ်ခုက ကပ်ပါလာသည်။ ကြာလေ ပိုသိသိသာသာ ကြားရလေ ဖြစ်သောကြောင့် သူ ချွေးပြန်လာ၏။ သူက မြန်မြန် လျှောက်လည်း ဟိုက မြန်မြန်လိုက်သည်။ ထက်ကြပ်မကွာကို ကြားနေရသည်မလို့ ကိုယ်ခံပညာပင် မတတ်သော ကောင်ငယ်လေး တကယ်ကို လန့်လာလေပြီ။ ပိုဆိုးသည်က ဆိုင်ကယ်လိုလိုကားလိုလို လိမ့်သံပါ ခြေသံနှင့်အတူ ကြားလာရသည့်အဖြစ်။

ဘာ ... ဘာကြီးလဲ။

လူကိုရိုက်၍ ပိုက်ဆံလုတာ ဖြစ်နိုင်သလို၊ ဆေးကြောင်သူတစ်စု ရမ်းကားကာ လူသတ်ဖြတ်ချင်လို့ လိုက်လာတာလည်း ဖြစ်နိုင်ပြန်သည်။

အို ... ဒီခေတ်ကာလအရ အဆိုးဆုံး သူ့လို လူပျိုနုနုထွတ်ထွတ်လေးကို ကားပေါ်ဆွဲတင်ပြီး ယောကျ်ားချင်း အဓမ္မ ပြုကျင့် ... ကျင့် ...

အတွေးနှင့်တင် သွေးပျက်လာသည်မို့ လက်ဆွဲအိတ်ထဲမှ အရေးပေါ်ဆောင်ထားသော လက်ဖဝါးလောက်ရှိသည့် ဓားကို ဆွဲထုတ်လိုက်သည်။ မာန်ကိုတင်း၊ လက်ဖြင့် သေချာဆုပ်ကိုင်၍ အနောက်သို့ ချာခနဲ အလှည့် ...

"ဟော့လူ"

"ဟင် ... လူနာ"

Ducati bike ကို တွန်းလျက်ရှိသော ခန့်ဦးရှိန်က သူ့ကို ပြူးကြောင်ကြောင် ကြည့်နေသည်။

"မင်း ... မင်း အခု ငါ့ကို ဓားနဲ့ ရွယ်လိုက်တာလား"

လက်တစ်ကမ်းအကွာတွင် ရှိနေသော ဓားသေးသေးလေးဟာ ခန့်ဦး

ရှိန်၏ မျက်နှာချောချောကို ပိုင်စိုးပိုင်နင်း ညွှန်ရွယ်ထားလေသည်။

"ဟို ... လူနာက ကျွန်တော့်နောက် မပြောမဆို လိုက်လာတာကိုးဗျ"

"ငါမင်းနောက် လိုက်တယ်လို့ ဘယ်သူပြောလဲ ငါ့ဟာငါ ငါ့သူငယ်ချင်းဆီ လာတာ ... ငါ့အရှေ့က လူက မင်းမှန်းတောင် မသိဘူး"

စိတ်ဆိုးမာန်ဆိုးနှင့် အော်ငေါက်လာသည်ကြောင့် ဓားလေးကို ပြန်သိမ်းရင်း မင်းဆက် အိုးတိုးအမ်းတမ်း ဖြစ်သွားရသည်။ မျက်နှာတောင် မော်မကြည့်ရဲလောက်အောင် အရှက်ထိသွားသဖြင့် Duty coat လေးကိုသာ ရင်ဘတ်ပြန်စိပြီး နေရခက်ဟန် ရှိနေသည်။

"မင်းနဲ့တွေ့မှတော့ မထူးတော့ပါဘူး ... တစ်ခါတည်း ပြောလိုက်မယ်"

"ဟုတ်"

ခန့်ဦးရှိန်သည် သူဝတ်ထားသော အညိုရောင် sweater ကို လက်မောင်းရင်းထိ ဆွဲတင်လိုက်သည်။ ထို့နောက် ချုပ်ရိုးများပေါ်နေသော လက်မောင်းရင်းက နီရဲရဲဒဏ်ရာကို လက်ညှိုးညွှန်ပြပြီး မျက်နှာကို ဝင့်ချီကာ ...

"မနက်က Gym သွားဆော့တာ ချုပ်ရိုးတွေ ပေါ်ကုန်တယ်။ မင်းဘယ်လို ချုပ်ထားတာလဲ"

"ဘာဗျ ၅ ရက်လောက် အနည်းဆုံး နားရမှာကို ၃ ရက်လောက်နဲ့ Gym သွားဆော့တော့ ပေါ်ပြီပေါ့ ... ဆရာမက လူနာ့ကို ဆောင်ရန် ရှောင်ရန်တွေ မပြောလိုက်ဘူးလား"

မဆင်မခြင် နေချင်သလိုနေ လုပ်ချင်သလို လုပ်၊ ဖြစ်ပျက်လာမှ ကုသပေးသူ၏ တာဝန်လာဖို့နေခြင်းက နည်းနည်းတော့ လွန်သည်။ မင်းဆက်၏ မာသွားသော လေသံကြောင့် ခန့်ဦးရှိန်က မျက်မှောင်ကိုကျုံ့၍ မျက်နှာကို မထီသလိုမဲ့ကာ ...

"မပြောလိုက်ဘူး ... သူမပြောတော့လည်း မင်းကပဲ ငါ့ကို ပြောပြစမ်း"

ဆရာမက ရှင်းပြလိုက်မည်မှာ သေချာသော်လည်း နားမထောင်ခဲ့သည့် အပြင်"စမ်း"ဟူသည့် အခိုင်စကားနှင့်ပါ ဆရာဝန်ကို ငယ်ကျွန်လိုပြုနေသော ခန့်ဦးရှိန်ဟာ တကယ့်ဘုကန့်လန့်ပေလား။

သူကပဲ လူကြီးဆန်သူ ပီပီ ...

"ဟို ... လူနာ့သူငယ်ချင်းအိမ်က ဘယ်နားမှာလဲမသိပေမဲ့ ကျွန်တော်တို့လမ်းသွားရင်းပဲ ပြောကြရအောင်် ... အိမ်ပြန်နောက်ကျရင် ကျွန်တော့်အိမ်က ဆူမှာမလို့ပါ"

မိန်းမယူ ကလေးမွေးလို့ရသည့် အရွယ်ကြီးကို အိမ်ပြန်နောက်ကျလို့ ဆူမယ်ဆိုတော့ ဦးရှိန် ရယ်ချင်သွားသည်။ အင်းပေ့ါလေ ... ချစ်စရာကောင်းလှသည့် နုနုဖြူဖြူလေးဆိုတော့လည်း ဖူးဖူးမှုတ်ထားကြတာ နေမှာပေ့ါ။

***

## အပိုင်း (၅)

လေညင်းက ခပ်ဖြည်းဖြည်း တိုက်နေသော်လည်း ချမ်းပြီးအေးလှသည်။ လူခြေတိတ်သည့်လမ်းမှ ဓာတ်တိုင်မီးများကတော့ မှိန်ဖျော့ဖျော့။ တိတ်ဆိတ်နေသည့် ရပ်ဝန်းကို ပိုးကောင်လေးများ၏ တကျီကျီအော်သံက ဖြိုခွင်းနေသည်။ ခွေးတစ်ကောင် ကြောင်တစ်မြီးမရှိသည့် လမ်းမကြီးမှာ သူတို့ နှစ်ယောက်နှင့် သက်မဲ့ဆိုင်ကယ် တစ်စီး။

"အညှော်ကတော့ တစ်ပတ်လောက်ရှောင်ရင် ပိုကောင်းမယ်ဗျ ဒီရက်ပိုင်းတွေတော့ လှုပ်လှုပ်ရှားရှားတွေ သိပ်မလုပ်စေချင်ဘူး။ အထူးသဖြင့် Gym သွားတာမျိုးပေ့ါ"

မင်းဆက်သည် နံဘေးဘက် ပလက်ဖောင်းနောက်မှ မြက်ခင်းစိမ်းများကို ခပ်ငေးငေး လှမ်းကြည့်ရင်း စကားစလိုက်သည်။

"လက်မောင်းလေး တစ်ခါချုပ်တာကို ေ-ာက်လုပ်တွေ ရှုပ်လိုက်တာ"

ရလိုက်သည်က စိတ်မရှည်သလို ဘောက်ဆတ်ဆတ် ပြန်ပက်သံ။ ဒီလူဟာ ဒီလိုစကားပဲ ထွက်နေကျမလို့ သူတောင် ကျင့်သားရနေသလို ပြုံးမိ၏။

"မြန်မြန် သက်သာချင်တယ်မလား ... လိုက်နာရမှာပေ့ါ၊ ပြီးတော့ ဆေးတွေရော သေချာ သောက်ရဲ့လား"

"ဘာဆေးလဲ ... ဘယ်ကဆေးလဲ"

ဒီတစ်ခါတော့ ပေါ့တီးပေါ့ဆနိုင်လှသော အနှီလူကြီးထံသို့ စိတ်ပျက်လက်ပျက် အကြည့်ပို့မိသည်။ ဆေးရုံက ဆေးတွေမပေးလိုက်တာ မဖြစ်

နိုင်။ လေပူတချို့ကို ခပ်ဆဆ မှုတ်ထုတ်လိုက်ရင်း ...

"ဆေးရုံက ပေးလိုက်တဲ့ဆေးတွေလေ"

"သြော် ... ကားပေါ်မှာ ဘယ်နားထားခဲ့မိမှန်း မသိတော့ဘူး"

ခန့်ဦးရှိန်ဟာ ထင်ထားသည့်အတိုင်း ဆေးကိုမသောက်ရသေးမည့်ပုံ။ ဒီလိုပုံနှင့် အနာကျက်မည်မဟုတ်၊ ဂျစ်ကန်ကန်ဉာဏ်လူသာ သူ့ညီလေးဖြစ်ပါလျှင် တင်ပါးကို ခပ်နာနာ ရိုက်ပေးလိုက်ချင်မိ၏။

"မင်းပဲ တစ်ခါတည်း ငါ့ကို ထပ်ပေးလိုက်လေ ..."

"ကျွန်တော့်မှာ ဘယ်လိုလုပ်ရှိမှာလဲဗျ ... အင်း ... ရေးပေးလိုက်မယ် ခဏနော်"

ဘောပင် ထုတ်ဟန်ပြင်နေသည့် သူ့လက်ကို ခန့်ဦးရှိန်က ဖျတ်ခနဲ လှမ်းဆွဲသည်။ ထို့နောက် သူ့အိတ်ကပ်ထဲမှ phone ကို ထုတ်ယူကာ ...

"မင်း acc က ဘာလဲ"

"Thike Min Sat ပါ"

"ဒီမှာ"

သူ့ကို ဖုန်းထိုးပေးပြီး ပြလာသည်က Khant Oo Shein ဆိုသည့် acc။ Profile ကလည်း Photo shooting တစ်ခုမှာ ရိုက်ထားသော နောက်ကျောပေး၍ လှည့်ကြည့်နေပုံ။ ကြည့်လို့ကောင်းသည် ဆိုတာထက် ပိုခန့်ချောသော်လည်း လည်ကုပ်မှ Tattoo ပေါ်အောင် တမင်ရိုက်ထားသည်မို့ သူသဘောမကျ။

"မင်း ဖုန်းပါတယ်မလား ... ဒီ acc ကို add လိုက်"

မင်းဆက် acc ကို အရင်မေးပြီး သူ့ acc ကို add လိုက်သတဲ့။ လက်ပေါက်ကတ်လိုက်သည်မှာ ဩချစရာ ကောင်းလွန်းတာမို့ မကျေနပ်

ချက်လေးစွက်ကာ မျက်စောင်းထိုးကြည့်မိ၏။

"ကျွန်တော့် acc ကိုပဲ add လိုက်ပါလား၊ ဖုန်းမထုတ်ချင်တော့လို့"

"မ add ချင်ပါဘူး။ မင်းဖုန်းမထုတ်ချင်လည်း အိမ်ရောက်မှ add လိုက် ငါ လက်ခံပေးမယ် ပြီးရင် messenger မှာ ဆေးတွေလာပြောထား ..."

သူ့ acc ကိုများ မ add ရင် နေရာမှာတင် အပြီကြိတ်မည့်ပုံမလို့ မင်းဆက်ကပဲ အလိုက်တသိ ကြောက်ရွံ့စွာ အလျှော့ပေးလိုက်ရသည်။ ဘယ်လောက်ပဲ ဆိုးသွမ်းနေပါစေ၊ ခန့်ဦးရှိန်ဟာ သူ တာဝန်ယူ ကုသရမည့် လူနာပင် မဟုတ်ပါလား။

"လူနာ့သဘောပဲ ..."

"မင်းကို ငါမပြောချင်လို့ ကြည့်နေတာ ... ငါ့နာမည် ခန့်ဦးရှိန် ... လူနာ မဟုတ်ဘူး"

"လူနာက ခုထိ ကျွန်တော့်ရဲ့ လူနာပဲလေ ဒါနဲ့ မနက်ဖြန် ဆေးရုံ ပြန်လာခဲ့ပါလား ... ချုပ်ရိုးက ပြန်ချုပ်ရမှာ"

မလာဘူးဆိုတာ သိသော်လည်း ရမလား မျှော်လင့်ချက်လေးဖြင့် သူ မချင့်မရဲ ပြောလိုက်မိသည်။ ဘယ်လောက်ပဲ ကြည့်မရဘူးဆိုဆို၊ ဆရာဝန် တစ်ယောက်အနေနှင့် လူနာ့အပေါ် စိုးရိမ်စိတ်ကလေးတော့ ရှိ၏။

"မင်း ချုပ်ပေးရမှာနော် ... တခြားသူချုပ်မှာဆို ငါမလာဘူး"

မျက်မှောင်ကို ကျုံ့၍ မျက်နှာထားကို တင်းကာ ချေမိုးနေသော်လည်း ယုံကြည်မှု အနည်းအကျဉ်း စွက်သည့် စကားဟာ ပိရိသော သူ့ နှုတ်ခမ်းမှ ထွက်လာ၏။

မင်းဆက် သဘောတကျ ရယ်လိုက်၍ ...

"ဟုတ်ကဲ့ ... ကျွန်တော် ချုပ်ပေးမှာပါ"

စကားတပြောပြောနှင့် လျှောက်လာသည်မှာ သူ့အိမ်က ရှေ့နားဆို ရောက်တော့မည်။ လူနာက ဘုနှင့်ဘောက် ဆိုးသွမ်းတာမှန်ပေမဲ့ စိတ်ထားလေးတော့ ကောင်းဟန်တူပါသည်။ ခန့်ဦးရှိန်သည် စကားပြောနေလျက်မှ စီးကရက် ထုတ်သောက်ဖို့ပြင်လာရာ ...

"လူနာ ဒီရက်ပိုင်း စီးကရက်တော့ ရှောင်ပါလားဗျ"

စီးကရက်ကို နှုတ်ခမ်းမှာ တေ့ရင်း သူ့ကို ခပ်စူးစူး ပြန်ကြည့်သည့်အခါ ပြောမိတာ မှားသွားမှန်း နောင်တရမိ၏။ ခေါင်းကို ခပ်ဖြည်းဖြည်းငုံ့ ချလိုက်ရင်း ...

"သောက်ချင်လည်း သောက်ပါ"

သို့ပေမဲ့ သူထင်ထားလို မဟုတ်။ မီးမညှိရသေးသော စီးကရက်ကို လမ်းမပေါ် ပစ်ချလိုက်သည်။

"မသောက်တော့ဘူး ... မီးခြစ်မပါလို့"

မာသော စကားကြောင့် သူ ခပ်ရဲ့ရဲ့ပြုံးမိ၍ လူနာ့ကို စောင်းငဲ့ကြည့်လိုက်သည်။ ဆေးရုံမှာတုန်းက သပ်တင်ထားသည့် ဆံပင်ကေက ခုတော့ဖြင့် ခပ်ပွပွ။ နားထင်နားတွေပါးထား၍ လိုင်းများကို လူမိုက်ဆန်ဆန် ဖော်ထားသည်။ နဖူးပေါ်ကျနေသည့် ရှေ့ဆံပင်များကတော့ ကောက်ကွေး၍ ရှုပ်ဖွာနေ၏။ ဆံနွယ် လိမ်ကွေးကွေးများက မည်းနက်နေသည်မို့ လရောင်ဆမ်းသော ဆံပင်တစ်မျှင်ချင်းစီတောင် ကြည့်လို့ကောင်းနေသည်။ နှာတံအလယ်မှ မှည့်ကလေးကလည်း ထင်းရှင်းစွာ ညိုစိမ့်စိမ့်။

"စီးကရက် မသောက်ရဘူးဆိုတော့ ဆေးရော ချလို့ ရလား"

"ခင်ဗျာ ... ဆေး ... ဟုတ် ... ဟုတ်လား"

မူးယစ်ဆေး သုံးစွဲအသံကြား၍ မင်းဆက် ပြုံးပြုံးကြောင်ကြောင်

လန့်ဖျပ်သွားသည်။ ဖေကြီးက ရဲချုပ် တစ်ယောက်ဖြစ်သည့်အတွက် သူ အဲ့ ကိစ္စများနှင့် ကင်းအောင် နေရသည်က ငယ်စဉ်ကတည်းက ဖြစ်၏။

"စတာပါကွာ ... အဲဒီလောက် လန့်မနေနဲ့"

ကြောက်လန့်တကြား ဖြစ်နေသော သူ၏ဆံပင်လုံးလုံးကို ခန့်ဦးရှိန်က ဆွဲဖွ၍ ရယ်ကျဲကျဲနှင့် နောက်ပြောင်နေသည်။

ရယ်နေသည် ... ကိုခန့်ဦးရှိန်က ရယ်နေသည်။

ထိုခဏတွင် ခန့်ဦးရှိန် ရယ်လိုက်၍ ပေါ်လာသော သွားစွယ်ဖွေးဖွေးလေးတွေကို သူခဏ ငေးမိသွားသည်။ ချွန်မြနေသော သွားစွယ်လေးများက နီရဲရဲသွားဖုံးနှင့် ပြေပြစ်စွာ လိုက်ဖက်နေ၏။ လူနာဟာ ရယ်လျှင် ကြည့်လို့ကောင်းရက်သားနှင့် ဘာလို့ အမြဲ ရုပ်တည်ကြီးနေလဲမသိ။

"ကျွန်တော့်အိမ် ရောက်ပြီဗျ"

ခြံဝင်းနှင့် အဖြူရောင် နှစ်ထပ်တိုက်လေးက အပြင်က ကြည့်လျှင်တောင် နွေးနွေးထွေးထွေးနှင့် လုံခြုံ၏။ ခြံထဲတွင်လည်း ပန်းပင်အနည်းငယ်နှင့် သရက်ပင်များကို လှမ်းတွေ့ရသည်။ အိမ်ကလည်း လူလိုပဲ ချစ်စရာလေးပါလားဟု ဦးရှိန် ကြံကြံဖန်ဖန် စဉ်းစားမိသေးသည်။

"မင်း ဝင်တော့လေ ... ငါလည်း ငါ့သူငယ်ချင်းအိမ် သွားတော့မယ်"

"ဟုတ်ကဲ့"

သိုက်မင်းဆက်က သူ့ကို ပြုံးပြပြီး ခြံထဲသို့ လျှောက်ဝင်သွားလေသည်။ အရင်နေ့က ကိစ္စအတွက် ဒီကောင်လေး သူ့ကို တကယ် စိတ်မဆိုးသည့်ပုံတွေ့ရသည့်အခါ သူတောင်းပန်စရာမလိုဟု ကောက်ချက်ချလိုက်မိသည်။ အထိုးခံထားရသည့် မျက်နှာကတော့ အရောင်ကျသွားသည်ကို သတိတထား မြင်လိုက်ပါ၏။ သူသာ သိုက်မင်းဆက် နေရာမှာဆို သူ့လိုလူကို ခွင့်လွှတ်နိုင်မှာ

မဟုတ်။

အိတ်ကပ်ထဲမှ ဖုန်းကို ပြန်ထုတ်ကာ ဖုန်းနံပါတ် တစ်ခုကို နှိပ်၍ ဆက်သွယ်လိုက်သည်။

"ဟယ်လို ... သားကြီး ပြော"

တစ်ဖက်မှ ပြန်ထူးလာသည့် ယောကျ်ားတစ်ယောက်အသံ၏က စူးရှရှ။

"ငါ မင်းတို့ အိမ်နားက ဆေးရုံကို ကိစ္စရှိလို့လာတာ မင်းအိမ်ကို လမ်းကြုံလို့ ငါလာခဲ့မယ် ... မင်းလူတစ်ယောက်ကို ထွက်ကြိုခိုင်းထား"

"အေး အေး"

ဖုန်းချပြီးတွင် ခန့်ဦးရှိန်သည် ဆိုင်ကယ်ပေါ် ခွတက်လိုက်သည်။ သူဆက်ပြီး လမ်းမလျှောက်နိုင်တော့လေ။ မောင်းမထွက်ခင် မင်းဆက်၏ အိမ်ထဲသို့ တစ်ချက် လှမ်းကြည့်လိုက်ရင်း ...

"ခွေးကောင်လေး အိမ်ထဲတောင် အလည်မခေါ်ဘူး"

ဝူးခနဲ မောင်းထွက်သွားသော ဆိုင်ကယ်နောက်မှ ဖုန်မှုန့်အကျဉ်းဟာ ပွစာကာ ကျန်နေခဲ့သည်။

***